ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ရေးသတင်း

အကျဉ်းချုပ်

6.1.2023

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နေ့စဉ်စစ်ရေးသတင်း အကျဉ်းချုပ်

ရန်သူတပ်သားသေဆုံး	ရန်သူတပ်သားဒဏ်ရာရ
စုံစမ်းဆဲ	**စုံစမ်းဆဲ**

အာဏာသိမ်းအကြမ်းဖက်စစ်တပ်နှင့်တိုက်ပွဲဖြစ်ပွားမှု

မွန်ပြည်နယ်

ဇန်နဝါရီလ(၅)ရက်နေ့ည(၉)နာရီခန့်က KNU သထုံခရိုင် KNLA တပ်မဟာ(၁)နယ်မြေ ဘီးလင်းနှင့် ကျိုက်ကော် မြို့နယ်ကြားတွင် ရန်သူ့ယာဉ်ကို တော်လှန်ရေးအဖွဲ့က တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

အာဏာသိမ်းအကြမ်းဖက်စစ်တပ်ကျူးလွန်သော ရာဇဝတ်မှုများ

မွန်ပြည်နယ်

- ဇန်နဝါရီလ(၆)ရက်နေ့က သံဖြူဇရပ်မြို့နယ်၊ ကျုံကဒက်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး ဗုံးဖောက်ခွဲခံရသော ဖြစ်စဉ်နှင့်ပတ်သက်၍ဒေသခံပြည်သူ(၄)ဦးကို ရန်သူစစ်တပ်က ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။
- ဇန်နဝါရီလ(၅)ရက်နေ့ည(၉:၁၀)နာရီခန့်က ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ် အမတ(၃၁၀) မှ (၁၂၀ မမ ယူဆရ) လက်နက်ကြီး(၁၀)လုံးခန့်ပစ်ခတ်ခဲ့ပြီး ကညင်အိုင်နှင့်ဦးရဲထွန်းရာဘာခြံဝန်းကျင်၊ ရှမ်းလေး ကျောက်မိုင်း ဘက်ဝန်းကျင်သို့ (၅)လုံးအထက် ကျရောက်ပေါက်ကွဲခဲ့၍ ဝင်းကံဂိတ်ဝန်းကျင်တွင် (၂)လုံး ကျရောက် ပေါက်ကွဲခဲ့သည်။

စစ်ကိုင်းတိုင်း

- ဇန်နဝါရီလ(၆)ရက်နေ့က ဒီပဲယင်းမြို့နယ်၊ မကြီးဇောက်ကျေးရွာကို စိုင်ပြင်ကျေးရွာမှ ရန်သူ့တပ်သားများ ဝင်ရောက်ခဲ့ပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

- ဇန်နဝါရီလ(၆)ရက်နေ့မနက်(၁၀:၅၅)နာရီခန့်က ဒီပဲယင်းမြို့နယ်၊ ကြည်ကျေးရွာဘုရားထွက်သို့ ရန်သူ တပ်သား (၇၀) ဝင်ရောက်ခဲ့ပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်။

<u>မကွေးတိုင်း</u>

ဇန်နဝါရီလ(၆)ရက်နေ့မနက်(၁၁:၁၀)နာရီခန့်က ဆောမြို့နယ်၊ ကျောက်ထုဒေသ၊ ကျောက်ထုမြို့ ကျောက်ထု ရဲစခန်းအတွင်းတွင် အထိုင်ချနေသော စစ်တပ်နှင့်ရဲတပ်ဖွဲ့ဝင်များက လင်းလက်ကြယ် ပညာရေးဘော်ဒါဆောင်အား အကြမ်းဖက်မီးရှို့ခဲ့သည်။